မြန်မာ
အင်္ဂလိပ်
နှစ်ဘာသာ

# ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုဆိုင်ရာ
# အဓိပ္ပာယ်နှင့် အသုံးအနှုန်းများ

# Public Financial Management
# Glossary and Terms

The Asia Foundation
Improving Lives, Expanding Opportunities

## အကြံပြုချက်နှင့် သဘောထားမှတ်ချက်များတောင်းခံခြင်း

အာရှဖောင်ဒေးရှင်းအဖွဲ့အစည်းအနေဖြင့် ယခုပထမအကြိမ်ထုတ်ဝေသော ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စကားလုံးသုံးစွဲထားပုံများ အပေါ်တွင် အကြံပြုချက်များ သဘောထားမှတ်ချက်များအား တောင်းခံအပ်ပါသည်။ လူကြီးမင်းတို့၏ အကြံပြုချက်များနှင့်အညီ ဒုတိယအကြိမ် ထုတ်ဝေမှုတွင် ထပ်မံထည့်သွင်း ထုတ်ဝေသွားမည်ဖြစ်ပြီး ဖော်ပြပါ အာရှဖောင်ဒေးရှင်း၏ အင်တာနက်စာမျက်နှာ www.asiafoundation.org တွင်လည်း ပုံမှန်မွမ်းမံပြင်ဆင်သွားမည်ဖြစ်ပါသည်။ လူကြီးမင်းများ၏ သဘောထားမှတ်ချက်ပေးသော ကူညီမှုများဖြင့်သာ ယခုပြုစုထားသော ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက် စာအုပ်သည် ပိုမိုကောင်းမွန်းလာစေမည်ဖြစ်ပါသည်။ လူကြီးမင်းတို့၏ သဘောထားမှတ်ချက်များကို ဖော်ပြပါ အီးမေးလ်လိပ်စာ country.myanmar.general@asiafoundation.org သို့လည်းကောင်း အောက်ဖော်ပြပါ ရုံးလိပ်စာမှ တဆင့်သော်လည်းကောင်း ပေးပို့နိုင်ပါသည်။

## Comments and Suggestions

The Asia Foundation would like to have your feedback on this first edition of the PFM Glossary. Please let us know your comments and suggestions regarding the terms included and the wording used in the definitions, which can in turn be used to refine the next edition. Based on your feedback, we will also update the version posted on the Foundation's website: www.asiafoundation.org. With your help, this PFM Glossary can be further expanded and improved. You can send us email at country.myanmar.general@asiafoundation.org, or mail your feedback and suggestions to our office address below.

**The Asia Foundation**

No. 11, Ko Min Ko Chin Yeik Thar Street
West Ngar Htet Kyi Ward, Bahan Township
Yangon, Myanmar
Tel: +95 (0)9-426 522 681, Fax: +95-1-558238
www.asiafoundation.org

| စဉ်။ | အသုံးအနှုန်းများ | အဓိပ္ပါယ်ဖွင့်ဆိုချက်များ | |
|---|---|---|---|
| ၁။ | စာရင်းပြုစုခြင်း<br>Accounting | ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ အချက်အလက်များကို ပြင်ဆင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ပေါင်းစည်းအနှစ်ချုပ်သည့် စနစ်သဘော။ ကောင်းမွန်သော စာရင်းပြုစုခြင်းစနစ်များသည် ရသုံးမှန်းခြေဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ပေါင်းစည်းအနှစ်ချုပ်ခြင်း၊ ပြည်သူ့ရေးရာ စာရင်းပြုစုခြင်း၊ အခွန်ဘဏ္ဍာစီမံခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံခြင်းနှင့် ထိရောက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၃<br>OECD 1 |
| ၂။ | တာဝန်ခံမှု၊ တာဝန်ယူမှု<br>Accountability<br>(Finance) | နှစ်ဦးနှစ်ဘက်ကြား အထူးသဖြင့် ပြည်သူလူထုနှင့် အစိုးရအဖွဲ့အစည်းများအကြား အပြန်အလှန်ထားရှိရမည့် အခွင့်အရေး နှင့် တာဝန်ခံယူမှု၊ တာဝန်ခံမှု အမျိုးမျိုးရှိရာတွင် ငွေကြေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ အများပြည်သူနှင့်ဆိုင်ရာ တာဝန်ခံမှု တို့လည်း ပါဝင်သည်။ | OECD 1 |
| ၃။ | Ad-hoc စာရင်းစစ်<br>Ad-hoc Audit | **Ad-hoc စာရင်းစစ် ဆိုသည်မှာ** စာရင်းစစ်ခြင်း အမျိုးစားတစ်ခုဖြစ်ပြီး ယေဘုယျမဟုတ်ဘဲ တိကျသေချာစွာ ရည်ရွယ်ထားသည့် ကိစ္စရပ်အတွက်သာ စိစစ်သော စာရင်းစစ်မျိုးဖြစ်သည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၃ |
| ၄။ | နှစ်စဉ်<br>ရသုံးမှန်းခြေငွေစာရင်း<br>Annual Budget | ဘဏ္ဍာနှစ်တစ်နှစ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုသည်မှာ တစ်မျိုးသားလုံး၏ စီမံကိန်းအရ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်းမည်မျှရရှိ၍ယင်းငွေများကိုမည်သည့်ကဏ္ဍတွင်မည်မျှသုံးစွဲရင်းနှီးမြှုပ်နှံမည်စသဖြင့်နိုင်ငံတော်အဖွဲ့အစည်းများ၏ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ငွေကြေးဖြင့် ပြုစုဖော်ပြသည့် စာရင်းဖြစ်သည်။ | ရောဝတီတိုင်းဒေသကြီး ရသုံးမှန်းခြေဦးစီးဌာန |
| ၅။ | နှစ်ပတ်လည် အစီရင်ခံစာ<br>Annual Report | တစ်နှစ်တာအတွင်းဆောင်ရွက်ခဲ့သည်များကို အနှစ်ချုပ်တင်ပြသော အစီရင်ခံစာဖြစ်ပြီး သတင်းအချက်အလက်များနှင့် လုပ်ငန်းရလဒ်များ ဘဏ္ဍာငွေဆိုင်ရာ အရအသုံးစရိတ်များကို ပြည့်စုံစွာတင်ပြထားသည့် အစီရင်ခံစာကို ဆိုလိုသည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၆ |
| ၆။ | စာရင်းစစ်<br>Audit | အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန်လည်းကောင်း၊ တန်ဖိုးပိုမိုပေါင်းထည့် မြှင့်တင်ရန်လည်းကောင်း အကောင်အထည်ဖော် လုပ်ဆောင်ချက်များသည် ဦးတည်ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိကို လွတ်လပ်သည့်အဖွဲ့မှ စာရင်းစစ်ဆေးခြင်းဖြစ်သည်။ အဖွဲ့အစည်း၏ ဦးတည်ချက်များ ပြည့်မီရန် အုပ်ချုပ်မှုနှင့် ထိန်းချုပ်ကွပ်ကဲမှုလုပ်ငန်းစဉ်များ၊ လုပ်ငန်းဆုံးရှုံးနိုင်ခြေကို ထိရောက်စွာစီမံခန့်ခွဲမှု တိုးတက်ဖြစ်ပေါ်လာစေရန်နှင့် စည်းမျဉ်းစည်းကမ်းနှင့်အညီ အကဲဖြတ်ဆုံးဖြတ်နိုင်ရန် စနစ်တကျဆောင်ရွက်စေခြင်းမှာ အဖွဲ့အစည်း၏ဦးတည်ချက်များ အောင်မြင်မှုရှိစေရန် အထောက်အကူပြုသည်။ | OECD 2 |
| ၇။ | စာရင်းစစ် အစီရင်ခံစာ<br>Audit Report | ဘတ်ဂျက်သုံးစွဲမှုကို လုပ်ပိုင်ခွင့်အာဏာအရ လွတ်လပ်စွာအကဲဖြတ်ခြင်း၊ ဘတ်ဂျက်ဥပဒေနှင့်အညီ အစိုးရမှ စုစည်းတင်ပြထားမှုအား အတိုင်းအတာတစ်ခုအထိ အကဲဖြတ်ခြင်း၊ ယင်းတို့တွင် အစိုးရငွေကြေး အစီရင်ခံစာများအား သုံးသပ်ချက်ပေးခြင်း၊ တာဝန်ခံယူမှုနှင့် ပိုမိုနီးစပ်စေခြင်း၊ ဥပဒေပြုရေးအတွက် တန်ဖိုးရှိသောရင်းမြစ်များထောက်ပံ့ခြင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများမှ အစိုးရ၏ စွမ်းဆောင်ရည်ကို ဆန်းစစ်ခြင်း တို့ပါဝင်သည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၁၀ |

| | | | |
|---|---|---|---|
| ၈။ | ငွေကြေးမဟုတ်သော ထောက်ပံ့မှု<br>Aid-in-Kind | ကြွေးမြီသော်လည်းကောင်း ငွေကြေးအားဖြင့်သော်လည်းကောင်း ပေးချေခြင်းကြောင့်မဟုတ်ဘဲ စီးဝင်လာသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ဖြစ်သည်။ ဥပမာ - စပါး၊ ပဲ စသည့် စားသောက်ကုန်ပစ္စည်းထောက်ပံ့မှုကို ရောင်းချပြီးနောက် ထောက်ပံ့မှုရရှိခြင်းအား ရသုံးမှန်းခြေစာရင်းထဲသို့ ထည့်သွင်းဖော်ပြခြင်းဖြစ်သည်။ အများအားဖြင့် အထက်ပါအထောက်အပံ့များကို အထူး ရန်ပုံငွေမှတဆင့် ထောက်ပံ့ခြင်းဖြစ်သည်။ | OECD 1 |
| ၉။ | အကဲဖြတ်ဆန်းစစ်မှု<br>Appraisal | ဘဏ္ဍာရေး၊ စီးပွားရေးနှင့် အခြားအကျိုးသက်ရောက်မှုများအပေါ် အခြေခံ၍ မူဝါဒအဆိုပြုချက် (သို့) ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံထားသော စီမံကိန်း၏ အသေးစိတ်ကို ခွဲခြမ်းစိပ်ဖြာကြည့်ခြင်းနှင့် လေ့လာဆန်းစစ်ခြင်း၊ တစ်ခါတစ်ရံ မူဝါဒ (သို့မဟုတ်) စီမံချက်အား မစတင်မီ ကြိုတင်အကဲဖြတ် ဆန်းစစ်ခြင်းဖြစ်သည်။ | OECD 1 |
| ၁၀။ | ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း<br>Appropriation | ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးသော သုံးစွဲရမည့် ကိစ္စရပ်တစ်ခုခြင်းစီအတွက် ဖော်ပြချက်များပါရှိသည့် အရအသုံးမှန်းခြေ ငွေစာရင်းဖြစ်ပြီး သုံးစွဲရမည့်ငွေကြေးကို ခွဲဝေသတ်မှတ်ခြင်းဖြစ်သည်။ | IMF |
| ၁၁။ | ကြွေးမြီများ<br>Arrears | အစိုးရဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ကုန်စည်နှင့်ဝန်ဆောင်မှုပေးသော လုပ်ငန်းရှင်များသို့ သာမန်သတ်မှတ်ထားသော ကုန်သွယ်မှုကာလအတွင်း(သို့) စာချုပ်ပါသတ်မှတ်ရက်အတွင်း ပေးချေမှုမရှိသော ငွေရေးကြေးရေးဆိုင်ရာတာဝန်များ။ အခွန်ကြွေးကျန်များသည် အစိုးရထံသို့ပေးသွင်းရန် သတ်မှတ်ကာလအတွင်း ပေးသွင်းရန်အခွန်များ ပေးသွင်းမှုမရှိခြင်းကို ဆိုသည်။ | OECD 1 |
| ၁၂။ | ဘဏ္ဍာငွေသတ်မှတ်ချက်<br>Budget Ceiling | ဘဏ္ဍာနှစ်အတွင်း အခွန်အခနှင့် ဘဏ္ဍာဝင်ငွေများ ရရှိနိုင်မှုပမာဏနှင့် အမြင့်ဆုံးအသုံးပြုနိုင်မည့် ပမာဏဖော်ပြချက် အတိုင်းအတာကို သတ်မှတ်ဖော်ပြသော ဘဏ္ဍာငွေသတ်မှတ်ချက်ဖြစ်သည်။ | TAF PFM Module |
| ၁၃။ | ဘက်ညီရသုံးမှန်းခြေ<br>ငွေစာရင်း<br>Balance Budget | မြန်မာနိုင်ငံ၏ ရသုံးမှန်းခြေငွေစာရင်းတွင် ရငွေနှင့် သုံးငွေညီမျှပါက ဘက်ညီ ရသုံးမှန်းခြေငွေစာရင်းဖြစ်သည်။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်<br>ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ<br>အချက်အလက်များ<br>(citizen budget)၊ စာမျက်နှာ ၁၃ |
| ၁၄။ | ဘဏ္ဍာရေးဆိုင်ရာ<br>မှတ်တမ်းများ<br>Budget Documents | ရသုံးမှန်းခြေငွေစာရင်းနှင့်အတူ လွှတ်တော်သို့တင်သွင်းရသော စာတမ်းများ။ ရသုံးမှန်းခြေငွေစာရင်း အဆိုပြုချက်များတွင် အစိုးရ၏ ရငွေအပိုင်း၊ ချေးငွေပိုင်းအပြင်၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အခြေအနေအကြောင်းအရာများ၊ အစိုးရ၏ စီးပွားရေးမူဝါဒဦးတည်ချက်များနှင့် ကာလလတ် မက်ခရိုစီးပွားရေးခန့်မှန်းချက်များ၊အစိုးရလုပ်ငန်းအစီအစဉ်ရှင်းလင်းတင်ပြချက်အချို့နှင့် ရသုံးမှန်းခြေ စာရင်းဘောင်အတွင်းမှ ဆောင်ရွက်သည့်လုပ်ငန်းများ ဖော်ပြပါရှိသည်။ | OECD 1 |
| ၁၅။ | ဘဏ္ဍာရေးနှစ်<br>Budget Year/ Fiscal Year | မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ဆိုသည်မှာ နှစ်တစ်နှစ်၏ အောက်တိုဘာ ၁ ရက်တွင် စ၍ နောက်နှစ် စက်တင်ဘာ ၃၀ ရက်တွင် ပြီးဆုံးသောကာလ အပိုင်းအခြားကို ဆိုသည်။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်<br>ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ<br>အချက်အလက်များ<br>(citizen budget )၊ စာမျက်နှာ ၃ |

| | | | |
|---|---|---|---|
| ၁၆။ | ဘတ်ဂျက်ရေးဆွဲခြင်း<br>Budgeting | အစိုးရ (သို့မဟုတ်) အစိုးရအဖွဲ့အစည်းများ၏ အနာဂတ်ဘဏ္ဍာဝင်ငွေများ၊ အသုံးစရိတ်များ၊ ချေးငွေများနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းဆောင်တာများအတွက် ငွေကြေးအစီအမံများအား ရေးဆွဲသည့် လုပ်ငန်းစဉ်ဖြစ်သည်။ | PEMPAL, Glossary of Public Financial Management, Version 3, စာမျက်နှာ ၁၆ |
| ၁၇။ | ဘဏ္ဍာရေးဆိုင်ရာ<br>အချက်အလက်<br>နှိုင်းယှဉ်ဖော်ပြချက်<br>Baseline | ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ ကာလတစ်ခုအတွင်း လက်ရှိပြဌာန်းထားသော ဥပဒေကို ဆက်လက်ကျင့်သုံးရာတွင် ဖြစ်ပေါ်လာသည့် ရငွေ၊ သုံးငွေ၊ လိုငွေပြမှု (သို့မဟုတ်) ပိုငွေပြမှု ခန့်မှန်းချက်။ | OMB |
| ၁၈။ | ဘတ်ဂျက်ရေးဆွဲ<br>လျာထားမှု<br>Baseline Budget | လက်ရှိကျင့်သုံးနေသော မူဝါဒများ (သို့) အစီအစဉ်များအတွက် သတ်မှတ်ထားသော ရန်ပုံငွေ။ တစ်နှစ်တာကာလအတွင်း ငွေကြေးဖောင်းပွခြင်း၊ ခန့်မှန်းနိုင်သော တစ်နှစ်တစ်ကြိမ်သာကျခံရသည့် စရိတ်များ (ဥပမာ- ကားပျက်ခြင်း၊ ကွန်ပျူတာပျက်ခြင်းကဲ့သို့သော အခါအားလျော်စွာ ကျခံရသည့် ကုန်ကျစရိတ်များ)နှင့် လူမှုပထဝီအနေအထား (ဥပမာ-လူဦးရေ၊ နယ်မြေဒေသ အနေအထား) အခြေအနေပြောင်းလဲမှုများကြောင့် ဥပဒေကြောင်း ပြင်ဆင်သတ်မှတ်ရန် လိုအပ်မှုများ စသည်တို့ကြောင့် အသုံးစရိတ်များ တိုးမြှင့်ခြင်းနှင့် လျော့ကျခြင်းအား ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲသည့် ကာလအတွင်း အဆိုပါရန်ပုံငွေအား ညှိနှိုင်းခြင်းဖြစ်သည်။ | OECD 1 |
| ၁၉။ | ရသုံးမှန်းခြေငွေစာရင်း<br>Budget | အစိုးရ၏ ဘဏ္ဍာရေးအစီအစဉ် ထုတ်ပြန်ချက်ဖြစ်ပြီး အသုံးစရိတ်၊ ဝင်ငွေ၊ ပိုငွေ(သို့) လိုငွေနှင့်ကြွေးမြီ စသည်ဖြင့် ဖော်ပြချက်အစုံအလင် ပါဝင်သည်။ ရသုံးမှန်းခြေငွေစာရင်းမှာ အစိုးရ၏ အဓိကကျသော စီးပွားရေးဆိုင်ရာ မူဝါဒစာတမ်းဖြစ်သည်။ ထိုစာတမ်းတွင် အစိုးရမှချမှတ်ထားသော မူဝါဒများ အောင်မြင်စွာအကောင်အထည်ဖော်ရာ၌ အစိုးရအစီအစဉ်များ မည်သို့ရေးဆွဲထားပုံနှင့် ဘဏ္ဍာငွေအရင်းအမြစ်များကို မည်သို့အသုံးပြုမည် စသည်တို့ကို ဖော်ပြထားသည်။ ရသုံးမှန်းခြေငွေစာရင်းကို ပုံမှန်အားဖြင့် နှစ်စဉ်ရေးဆွဲလေ့ရှိပြီး အစိုးရအသုံးစရိတ် အဆိုပြုချက်များ၊ ဝင်ငွေများ၊ ချေးငွေများနှင့် အခြားငွေကြေးဆိုင်ရာ ပေးချေမှုများ ပါဝင်သည်။ ယင်းရသုံးမှန်းခြေငွေစာရင်းကို ငွေသားအပေါ်အခြေခံ၍ ရေးဆွဲသည်။ ရသုံးမှန်းခြေငွေစာရင်း အဆိုပြုချက်များကို လွှတ်တော်သို့ တင်ပြရပြီး လွှတ်တော်မှ ရသုံးမှန်းခြေငွေစာရင်းဥပဒေ (သို့မဟုတ်) အစိုးရအသုံးစရိတ် လျာထားချက်ဥပဒေအဖြစ် အတည်ပြုပြဌာန်းသည်။ | OECD 1 |
| ၂၀။ | ရသုံးမှန်းခြေငွေစာရင်း<br>အုပ်စု အမျိုးအစား<br>ခွဲခြားခြင်း<br>Budget Classification | ရသုံးမှန်းခြေငွေစာရင်းကို အုပ်စုအမျိုးအစားခွဲခြားခြင်းတွင် ရသုံးမှန်းခြေ အကောင်အထည်ဖော်မှုအား စောင့်ကြည့်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ မူဝါဒပုံဖော်ခြင်းနှင့် သုံးသပ်ခြင်း၊ တာဝန်ခံမှုကို သေချာစေခြင်း၊ ပြည်သူလူထုနှင့် လွှတ်တော်သို့ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်အတွက် အခြေခံများ ပြုစုပေးခြင်း(သို့မဟုတ်) လွှတ်တော်ခွင့်ပြုချက်အဆင့်အတွက် စံသတ်မှတ်ချက်မှု မူဘောင်များ ပါဝင်ပါသည်။ | OECD 1 |
| ၂၁။ | ဘတ်ဂျက်စက်ဝန်း<br>Budget Cycle | ရသုံးမှန်းခြေငွေစာရင်းအတွက် ဆုံးဖြတ်ချက်ချရာတွင်လည်းကောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ အဆိုပါ ဆုံးဖြတ်ချက်များအား ပြန်လည်ဆန်းစစ်ရာတွင်လည်းကောင်း အဓိကပါဝင်သော လုပ်ငန်းစဉ်များဖြစ်သည်။ သာမန်အားဖြင့် ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲခြင်း၊ အတည်ပြုခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စစ်ဆေးခြင်း လုပ်ငန်းလေးရပ် ပါဝင်ပါသည်။ | OECD 1 |

| | | | |
|---|---|---|---|
| ၂၂။ | ရသုံးမှန်းခြေ ငွေစာရင်းအား စိစစ်သုံးသပ်ခြင်း<br>Budget Examination | ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရှိ တာဝန်ခံဝန်ထမ်းမှ အခြားဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက အဆိုပြုလာသော ရသုံးမှန်းခြေငွေစာရင်း အဆိုပြုလွှာများအား ပြန်လည်သုံးသပ်စစ်ဆေးမှု ပြုလုပ်သည့် လုပ်ငန်းစဉ် ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်တွင် အဆိုပြုလာသည့် ရသုံးမှန်းခြေငွေစာရင်းအား စိစစ်ခြင်း၊ အခြားဖြစ်နိုင်ခြေများအား ဖော်ထုတ်ခြင်း၊ ခြုံငုံသုံးသပ်ခြင်းနှင့် ထောက်ခံချက်များပေးခြင်း တို့ပါဝင်သည်။ | OECD 1 |
| ၂၃။ | ဘတ်ဂျက်<br>အကောင်အထည်ဖော်ခြင်း<br>Budget Execution | အရင်းအမြစ်များကို အသုံးပြု၍ ရသုံးမှန်းခြေငွေစာရင်းတွင် ပါဝင်သော မူဝါဒများကို အကောင်အထည်ဖော်သည့် အဆင့်ဖြစ်သည်။ | OECD 1 |
| ၂၄။ | ဘဏ္ဍာငွေ<br>ပြင်ဆင်ရေးဆွဲခြင်း<br>Budget Formulation | အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်း ပြင်ဆင်ရေးဆွဲသည့် အဆင့်များဖြစ်သည်။ အဆိုပါအဆင့်များတွင် စိစစ်မှုများနှင့် ခန့်မှန်းမှုများ ပြုလုပ်ခြင်းမှ စတင်၍ ဝန်ကြီးဌာနများနှင့် အခြားအစိုးရအဖွဲ့အစည်းများက ရသုံးမှန်းခြေငွေစာရင်းများ အဆိုပြုတင်သွင်းခြင်း၊ အစိုးရအဖွဲ့မှ ပြန်လည်သုံးသပ်စိစစ်ခြင်းနှင့် ဆုံးဖြတ်ခြင်းများ ပြုလုပ်၍ ဥပဒေပြုရေးအဖွဲ့သို့ တင်ပြခြင်းများအထိ ပါဝင်ပါသည်။ | OECD 1 |
| ၂၅။ | ဘဏ္ဍာငွေ<br>လျာထား ခွင့်ပြုခြင်း<br>Budget Provision | သုံးစွဲမည့် ကိစ္စတစ်ခုခြင်းစီအလိုက် (သို့) သုံးစွဲမည့် ကဏ္ဍ၊ အစီအစဉ်၊ အစီအစဉ်ခွဲများအလိုက် သုံးစွဲခွင့်ပေးခြင်း (သို့) ခွင့်ပြုပေးခြင်း။ | IMF |
| ၂၆။ | ရသုံးမှန်းခြေငွေစာရင်း<br>ခွင့်ပြုချက်<br>Budget Authorization | ဥပဒေအရ တရားဝင်ခွင့်ပြုထားသော ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်။ | TAF PFM Module |
| ၂၇။ | ဘဏ္ဍာရေးလိုငွေပြ<br>Below –the –Line-<br>items | Below-the-line items များသည် ရငွေနှင့် အသုံးစရိတ် မမျှတမှုကြောင့်ဖြစ်ပေါ်လာသော လိုငွေအား ဖြည့်ဆည်းရန်ဖြစ်သည်။ ထိုနည်းတူစွာ above-the-line items များတွင် အသုံးစရိတ်နှင့် ဝင်ငွေများ ပါဝင်သည်။ ထို့ကြောင့် below-the-line items များသည် ပုံမှန်အားဖြင့် လိုငွေများအား ဘဏ္ဍာငွေဖြည့်ဆည်းခြင်းနှင့် သက်ဆိုင်သည်။ | IMF |
| ၂၈။ | မူလခန့်မှန်းခြေ<br>ငွေစာရင်း<br>Budget Estimate ( BE) | ဘဏ္ဍာရေးနှစ်မတိုင်ခင် (၆ လ)ခန့်မှ စတင်၍ အခွန်မှရရှိလာနိုင်သော ဝင်ငွေနှင့်တကွ ကဏ္ဍမျိုးစုံအတွက် ကြိုတင်ခန့်မှန်းတွက်ချက်ထားသော အစိုးရ၏ ရငွေ၊ သုံးငွေစာရင်းဖြစ်ပါသည်။ ထိုခန့်မှန်းမှုများတွင် ဘဏ္ဍာရေးလိုငွေနှင့် အခွန်လိုငွေ ခန့်မှန်းတွက်ချက်ခြင်းလည်း ပါဝင်သည်။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (citizen budget)၊ စာမျက်နှာ ၄ |
| ၂၉။ | ရန်ပုံငွေ ခွဲဝေဖြန့်ဖြူးခြင်း<br>Budget Allocation | ရန်ပုံငွေခွဲဝေဖြန့်ဖြူးခြင်းသည် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များအတွက် သုံးစွဲနိုင်မည့် အသုံးစရိတ်ကို ကန့်သတ်ပေးသည့် ဖော်ပြချက်ဖြစ်သည်။ | TAF PFM Module |

| | | | |
|---|---|---|---|
| ၃၀။ | ဘဏ္ဍာငွေ<br>အရအသုံးဆိုင်ရာ ဥပဒေ<br>Budget Law or Organic Budget Law | ဥပဒေပြုလွှတ်တော်အသီးသီးမှ အတည်ပြုပြဋ္ဌာန်းလိုက်သော ရသုံးမှန်းခြေငွေစာရင်းဖြစ်သည်။ ရသုံးမှန်းခြေစာရင်းအား မည်သို့ ပြင်ဆင်သင့်သည်၊ ခွင့်ပြုသင့်သည်၊ သုံးစွဲသင့်သည်၊ စာရင်းထိန်းသိမ်းသင့်သည်နှင့် နောက်ဆုံးစာရင်းအတွက် ခွင့်ပြုချက်ရရန် မည်သို့တင်သွင်းသင့်သည် စသည်တို့နှင့် စပ်လျဉ်း၍ အသေးစိတ် တိကျစွာပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့် နောက်ဆက်တွဲဇယားပါ ရသုံးမှန်းခြေစာရင်း ဥပဒေ။ | IMF |
| ၃၁။ | ရသုံးမှန်းခြေငွေစာရင်း<br>လေ့လာ စောင့်ကြည့်ခြင်း<br>Budget Monitoring | အတည်ပြုပေးထားသော အသုံးစရိတ်များနှင့် သုံးစွဲရမည်အတိုင်းအတာအား သုံးစွဲမှု ရှိ၊ မရှိ စောင့်ကြည့်သည့် လုပ်ငန်းစဉ် ဖြစ်သည်။ ရသုံးမှန်းခြေငွေစာရင်းအား လေ့လာစောင့်ကြည့်ခြင်းကို ဌာနတွင်းလုပ်ကိုင်ကြသလို အရပ်ဘက်အဖွဲ့များနှင့် အများ ပြည်သူများကပါ အခြားသော နည်းလမ်းဖြင့် လုပ်ဆောင်လေ့ရှိသည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၁၅ |
| ၃၂။ | ငွေလုံးငွေရင်းဘတ်ဂျက်<br>Capital Budget | သာမန်စာရင်းတွင် မပါဝင်သော အကြီးစားအသုံးစရိတ်များ (ဥပမာ ရင်းနှီးမြှုပ်နှံခြင်း၊ လမ်းတံတားဆောက်လုပ်ခြင်း၊ စက်ကိရိယာ များနှင့် တန်ဖိုးကြီး ရုံးသုံးပစ္စည်းဝယ်ယူခြင်း စရိတ် စသည်) အတွက် လျာထားသုံးစွဲသော ရသုံးမှန်းခြေငွေစာရင်းကို ငွေလုံး ငွေရင်းဘတ်ဂျက် ဟုခေါ်သည်။ | PEMPAL, Glossary of Public Financial Management၊ Version 3၊ စာမျက်နှာ ၁၆ |
| ၃၃။ | ငွေသားဝင်ငွေ၊ ထွက်ငွေ<br>Cash Flow | ငွေသားဝင်ငွေနှင့် ထွက်ငွေတို့၏ ပမာဏကို ခေါ်ဆိုသည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၁၇ |
| ၃၄။ | သာမန်အသုံးစရိတ်များ<br>Current Expenditure | သာမန်အသုံးစရိတ်များကို အစိုးရ၏ အသေးစားအသုံးစရိတ် ဥပမာ- ဝန်ထမ်းလစာပေးချေမှုများ၊ ပင်စင်လစာငွေများ၊ ဝန်ထမ်း အကျိုးခံစားခွင့် တွက်ချက်မှုများ၊ ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များအပေါ်တွင် ပေးချေရသော ပြည်တွင်းအတိုးပေးငွေ များနှင့် ပြည်ပကြွေးမြီပေါ်တွင် ပေးချေရသော အတိုးငွေများ၊ အခြားဝန်ဆောင်မှုများအပြင် ချက်ခြင်းအသုံးစရိတ်များအတွက် သုံးလေ့ရှိသည်။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (citizen budget)၊ စာမျက်နှာ ၃ |
| ၃၅။ | ငွေလုံးငွေရင်း<br>အသုံးစရိတ်များ<br>Capital Expenditure | တစ်နှစ်ထက် သက်တမ်းပိုသည့် ပစ္စည်းယန္တရားများ (ဥပမာ စက်ရုံအလုပ်ရုံများအတွက် မော်တော်ယာဉ်၊ လေယာဉ်ဝယ်ယူခြင်း)၊ အဆောက်အဦ၊ လမ်းတံတား စသည့် ပြင်ဆင်ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်း၊ စစ်အသုံးစရိတ်မဟုတ်သော စရိတ်များအတွက် အသုံးစရိတ်များပါဝင်သည်။ ငွေလုံးငွေရင်းအသုံးစရိတ်များကို ရသုံးမှန်းခြေငွေစာရင်းတွင် သီးခြားစာရင်း (သီးခြား ရသုံးမှန်းခြေ ငွေစာရင်း) ဖြင့် ဖော်ပြသည်။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (citizen budget)၊ စာမျက်နှာ ၄ |
| ၃၆။ | ငွေလုံးငွေရင်းရငွေ<br>Capital Revenue | ငွေလုံးငွေရင်းရငွေတွင် မတည်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း၊ ဖျက်သိမ်းလိုက်သော ဌာနအဖွဲ့အစည်းများ၏ သီးသန့် ရန်ပုံငွေများ လက်ခံရရှိခြင်း၊ မတည်အသုံးစရိတ်မှ ငွေပင်ငွေရင်းများ၊ ပြန်လည်ရရှိသည့် ရငွေများ နှင့် ငွေလုံးငွေရင်းအသုံးစရိတ် အတွက် ရရှိသော ပြည်ပအကူအညီရငွေများ။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာအချက် အလက်များ (citizen budget)၊ စာမျက်နှာ ၃ |

| | | | |
|---|---|---|---|
| ၃၇။ | ပြည့်စုံသော ရသုံးမှန်းခြေ ငွေစာရင်း<br>Comprehensive Budget | ပြည့်စုံသော ရသုံးမှန်းခြေငွေစာရင်း ဆိုသည်မှာ အစိုးရ၏ အသုံးစရိတ်အားလုံး၊ဝင်ငွေများ၊ ချေးငွေများနှင့် အခြား ငွေကြေးဆိုင်ရာ လုပ်ငန်းများ ပါဝင်သည့် ရသုံးမှန်းခြေငွေစာရင်းဖြစ်သည်။ ယင်းသည် မူဝါဒများ ယှဉ်၍သုံးသပ်ရန်အတွက်သာမက၊ ရသုံးမှန်းခြေ ငွေစာရင်း အစီအစဉ်များရေးဆွဲခြင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် အသုံးပြုခြင်းများအား စိစစ်နိုင်ခြင်း အတွက် ခိုင်မာသော မူဘောင်တစ်ရပ်ဖြစ်သည်။ ဝင်ငွေနှင့် အသုံးစရိတ်များ အသေးစိတ်ဖော်ပြထားသော သတင်းအချက် အလက်များအပြင် နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်း စာတမ်းပြုစုရာတွင် မက်ခရိုစီးပွားရေး ယူဆချက်များ၊ ဘဏ္ဍာရေးလိုငွေပြမှု၊ လိုငွေပြမှုကိုဖြည့်တင်းပေးခြင်း၊ ကြွေးမြီများ၊ ငွေကြေးဆိုင်ရာ ပိုင်ဆိုင်မှုများ၊ ပြီးခဲ့သောနှစ်များ၏ အရအသုံးများ၊ လက်ရှိ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေစာရင်း၊ အသေးစိတ်ဖော်ပြထားသော ဝင်ငွေနှင့် အသုံးစရိတ်နှစ်မျိုးလုံးကို စုစည်းထားသော သတင်း အချက်အလက်များအပြင် ရသုံးမှန်းခြေငွေစာရင်း အချက်အလက်များနှင့် မူဝါဒသစ်များအား အကောင်အထည်ဖော်ဆောင်ရွက် မည့် လုပ်ငန်းများအတွက် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ ရှင်းလင်းချက်များ ပါဝင်မှသာလျှင် အလုံးစုံပြည့်စုံသည့် ရသုံးမှန်းခြေ ငွေစာရင်း ဖော်ပြချက်ဖြစ်ပေမည်။ | OECD 1<br>PEFA |
| ၃၈။ | နိုင်ငံသားဘတ်ဂျက်<br>Citizens Budget | နိုင်ငံသားဘတ်ဂျက်ဆိုသည်မှာ ပညာရပ်ဆန်သည့် ဖော်ပြမှုတစ်ခု မဟုတ်ပေ။ ယင်းသည် ပုံစံအမျိုးမျိုးဖြစ်နိုင်သော်လည်း သိသာသော သဘောသဘာဝမှာ လူဦးရေများနိုင်သလောက် များများနားလည်နိုင်စေရန် စီစဉ်ထားခြင်းဖြစ်သည်။ အခြားနည်း အားဖြင့် ဆွေးနွေးမှုကို ပံ့ပိုးကူညီနိုင်ရန် ရေးဆွဲထားသော ရိုးရှင်းသည့် ဘတ်ဂျက်အနှစ်ချုပ်လည်းဖြစ်သည်။ နိုင်ငံတော်၏ ဘတ်ဂျက်လုပ်ငန်းစဉ်၊ မက်ခရို စီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးမူဝါဒ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေ ရသုံးခန့်မှန်းခြေ အခွန်အကောက်ရငွေ၊ စုစုပေါင်းအသုံးစရိတ်၊ ဘတ်ဂျက်လိုငွေ၊ ပြည်ပအကူအညီရငွေနှင့် ချေးငွေ အခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက် စသည်တို့ သည် သာမန်ပြည်သူများ နားလည်ရန်ခက်ခဲသဖြင့် ရှင်းလင်းလွယ်ကူစွာ သိမြင်နိုင်စေရန် အနှစ်ချုပ်ပြုစုတင်ပြသည့် စာစောင်ပင် ဖြစ်ပါသည်။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (citizen budget)၊ စာမျက်နှာ ၂ |
| ၃၉။ | ငွေရေးကြေးရေးဆိုင်ရာ ပေးရန် တာဝန်များ (ပေးရန် ရှိငွေများ)<br>Contingent Liabilities | ဤပေးရန်တာဝန်များမှာ အနာဂတ်တွင် ဖြစ်ပေါ်နိုင်သည် (သို့) ဖြစ်ပေါ်နိုင်မှုမရှိသည့် အဖြစ်အပျက်များပေါ် မူတည်၍ ဘတ်ဂျက် (ရသုံးမှန်းခြေငွေစာရင်း) ကို အကျိုးသက်ရောက်မှုဖြစ်လာနိုင်သည်။ ဥပမာအားဖြင့် အစိုးရအာမခံချေးငွေများ၊ အစိုးရအာမခံ အစီအစဉ်များ အစရှိသည်တို့ဖြစ်ပါသည်။ | TAF PFM Module |
| ၄၀။ | နိုင်ငံသားအမှတ်ပေးကဒ်<br>Citizen Report Card | နိုင်ငံသားများ ရရှိခံစားခွင့်ရှိသော ဝန်ဆောင်မှုများကို ဝန်ဆောင်မှုအရည်အသွေးနှင့် ကိုက်ညီမှု၊ သဟဇာတဖြစ်မှုကို နိုင်ငံသား ဘက်မှ တိုင်းတာအကဲဖြတ်ရာတွင် အသုံးပြုသော မေးခွန်းများ၊ အမှတ်ပေးပုံစံ စံနှုန်းများ ပါဝင်သော မှတ်တမ်းစာစောင်ဖြစ်သည်။ | TAF PFM Module |
| ၄၁။ | ငွေသားစီမံခန့်ခွဲမှု<br>Cash Management | ငွေသားစီးဆင်းမှုကို ကြိုတင်ခန့်မှန်းသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး အစိုးရ၏ လုပ်ငန်းစဉ်များအား ငွေသားဖြည့်ဆည်းပေးရန် ဗဟိုမှ ငွေသားစီးဆင်းမှုကို ခန့်မှန်းသည် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ၎င်းလုပ်ငန်းစဉ်တွင် ငွေကြေးသုံးစွဲမည့် ဌာနများသို့ ငွေချေး ပေးခြင်း၊ လိုအပ်သည့် ငွေသားပမာဏ ကြိုတင်မှန်းဆထားချက်များနှင့် ငွေသားစီးဆင်းမှုကို စောင့်ကြည့်ထိန်းသိမ်းခြင်း၊ အစိုးရ ၏ အာမခံစာချုပ်များ ထုတ်ပေးခြင်းနှင့် ပြန်လည်ရွေးယူခြင်းလုပ်ငန်းစဉ်များ ပါဝင်သည်။ | OECD 1 |

| | | | |
|---|---|---|---|
| ၄၂။ | ဌာန လယ်ဂျာစာရင်းများ<br>Chart of Account | ပေးချေမှုများ၊ ဝင်ငွေများ၊ တန်ဖိုးလျော့များ၊ ဆုံးရှုံးမှုများ စသည့် ဆောင်ရွက်ချက်များအား စီးပွားရေးအရလည်းကောင်း နည်းဥပဒေ (သို့) စာရင်းသဘောသဘာဝအလိုက် စာရင်းများကို ခွဲခြမ်းစိတ်ဖြာခြင်းဖြစ်သည်။ အစိုးရစာရင်းကိုင်များမှ ထိန်းသိမ်းထားသော ဌာနလယ်ဂျာ စာရင်းများဖြစ်သည်။ | OECD 1 |
| ၄၃။ | အရေးပေါ် ရန်ပုံငွေ<br>Contingency Reserve | စုစုပေါင်းရသုံးမှန်းခြေငွေစာရင်းအောက်ရှိ ပမာဏမများသော ရန်ပုံငွေတစ်ရပ်။ ရသုံးမှန်းခြေ စာရင်းအောက်တွင်ပါဝင်ခြင်း မရှိဘဲ မမျှော်လင့်သော အသုံးစရိတ်များနှင့် အရေးပေါ် အသုံးစရိတ်များအတွက် အသုံးပြုရန် သီးခြားသတ်မှတ်ထားသော ရန်ပုံငွေ။ | IMF |
| ၄၄။ | သာမန် အသုံးစရိတ်များ<br>Current Expenditure | ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ငွေလုံးငွေရင်း လွှဲပြောင်းပေးငွေများ အပြင် အခြားအသုံးစရိတ်များ၊ လုပ်ခ၊ အစိုးရထောက်ပံ့ကြေးနှင့် လက်ငင်းစားသုံးသည့် အခြားကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် အသုံးပြုမှုများ။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ<br>(citizen budget)၊ စာမျက်နှာ ၃ |
| ၄၅။ | အောက်ခြေအဆင့်များသို့ အခွင့်အာဏာနှင့် တာဝန်များ လွှဲပြောင်းပေးခြင်း<br>Deconcentration | ဗဟိုဝန်ကြီးဌာနများမှ အောက်ခြေရှိရုံးခွဲများ (သို့မဟုတ်) ပိုမိုလုပ်ပိုင်ခွင့်ရှိသည့် အေဂျင်စီများကို လုပ်ပိုင်ခွင့် လွှဲပြောင်းပေးခြင်းဖြင့် ဗဟိုအစိုးရ၏ အစိတ်အပိုင်းအဖြစ် တည်ရှိပြီး ပြည်သူလူထုနှင့် ပိုမိုနီးစပ်စေသည်။ ဗဟိုဝန်ကြီးဌာနများသည် အောက်ခြေရှိ ရုံးခွဲများ (သို့မဟုတ်) ပြည်သူလူထုနှင့် ပိုမိုထိတွေ့လျှက်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည့် ဌာနများအား ဗဟိုအစိုးရ၏ အစိတ်အပိုင်းအဖြစ် ဆက်လက်ထားရှိကာ တာဝန်များခွဲဝေပေးခြင်းဖြစ်သည်။ (ဗဟိုအဆင့်သို့ တာဝန်ခံရသည်) | OECD 1 |
| ၄၆။ | ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း<br>Decentralization | ဒီမိုကရေစီနည်းလမ်းအရ ဗဟိုမှ အောက်ခြေအဆင့် အစိုးရများသို့ တာဝန်များ ခွဲဝေပေးခြင်း၊ အုပ်ချုပ်မှုပိုင်း၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ တာဝန်များကို ပိုမိုခွဲဝေပေးပြီး ဘဏ္ဍာရေးဆိုင်ရာ တာဝန်များကို ပိုမိုလွှတ်လပ်ခွင့်ပေးရန်မလိုခြင်း။ | OECD 1 |
| ၄၇။ | ကြွေးမြီ စီမံခန့်ခွဲမှု<br>Debt Management | အစိုးရ၏ ကုန်ကျစရိတ်များ နည်းပါးစေရန်အလို့ငှာ အစိုးရကဏ္ဍ၏ ကြွေးမြီအား တတ်နိုင်သမျှ ထိရောက်မှုရှိစေရန် သတ်မှတ်၍ စီမံခန့်ခွဲခြင်းဖြစ်သည်။ ကြွေးမြီစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များအား တစ်ခါတစ်ရံ ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတစ်ခုမှလည်းကောင်း၊ နိုင်ငံပိုင် ငွေတိုက်ဌာနမှလည်းကောင်း၊ တစ်ခါတစ်ရံ ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ဌာနတစ်ခုဖွဲ့စည်း၍ လည်းကောင်း စီမံခန့်ခွဲသည်။ | OECD 1 |
| ၄၈။ | ပြောင်းလဲသုံးစွဲနိုင်သော အသုံးစရိတ်များ<br>Discretionary Spending | နှစ်စဉ်နှစ်တိုင်း နောက်လာမည့်ဘဏ္ဍာနှစ်အတွက် အစိုးရနှင့် ဥပဒေပြုသူများက  အသုံးစရိတ်များကို ဆုံးဖြတ်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် အိုးအိမ်နေရာချထားမှုများ၊ ပညာရေး (သို့မဟုတ်) ပြည်ပအကူအညီပေးမှုများ။ ဤသည်တို့သည် မဖြစ်မနေသုံးရသည့် အသုံးစရိတ်များနှင့် မတူကွဲပြားပြီး အစိုးရအနေဖြင့် ထောက်ပံ့ငွေပေးရာတွင် တရားဝင်ဖြစ်ရန်လိုအပ်ခြင်းနှင့် ထိုအသုံးစရိတ်များအတွက် သက်ဆိုင်ရာတာဝန်ရှိသူ၏ ထောက်ခံချက်တို့ လိုအပ်သည်။ အစိုးရနှင့် ဥပဒေပြုသူများက ဥပဒေရေးဆွဲ၍ နှစ်စဉ်ဘက်ဂျက်ရေးဆွဲရာတွင် မဖြစ်မနေ ထည့်သွင်းစဉ်းစားဆုံးဖြတ်ပေးရမည့် အရာများအဖြစ် အတည်ပြုသော ဘဏ္ဍာရေးအသုံးစရိတ်များ။ ဥပမာ ပညာရေး၊ အိုးအိမ်၊ အိမ်ရာ နေရာချထားမှုများ၊ ပြင်ပအကူအညီပေးမှုများ။ မဖြစ်မနေ အသုံးစရိတ် mandatory speding နှင့် ဆန့်ကျင်သည့် သဘောရှိသည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ 28 |

| | | | |
|---|---|---|---|
| ၄၉။ | ကန့်သတ်ကြွေးမြီ<br>Debt Limit | အချိန်အခါမရွေး အများဆုံးချေးယူနိုင်သော အစိုးရ၏ တရားဝင်သတ်မှတ်ထားသည့် ကြွေးမြီပမာဏ။ ယင်းတို့တွင် လူထုမှ ပေးရန်ရှိသော ကြွေးမြီနှင့် အစိုးရစာရင်းတွင်ရှိသော ကြွေးမြီ နှစ်ခုစလုံးပါဝင်သည်။ သို့သော်လည်း ငွေကြေးဆိုင်ရာရပိုင်ခွင့် ခုနိမ်ခြင်းမှာမူ စာရင်းတွင်မပါဝင်ပေ။ ကန့်သတ်ကြွေးမြီပမာဏသို့ ရောက်ရှိသွားပါက လွှတ်တော်မှ ကန့်သတ်ပမာဏ တိုးမြှင့်ပေးရန် ဥပဒေပြဌာန်းမှု မပြုလုပ်သရွေ့ အစိုးရမှ ထပ်မံငွေချေးနိုင်မည်မဟုတ်ချေ။ | TAF PFM Module |
| ၅၀။ | Deficit<br>လိုငွေ | ဘဏ္ဍာနှစ်တစ်နှစ်အတွက် အစိုးရ ရရှိထားသောငွေထက် ပိုမိုသုံးစွဲသော ငွေပမာဏ။ ၎င်းကို ကြိုတင်ဘတ်ဂျက် (on-budget) ကျော်လွန်ဘက်ဂျက် (off-budget ) သို့မဟုတ် လိုငွေပြဘက်ဂျက်ဟုလည်း ခေါ်ဆိုနိုင်သေးသည်။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ<br>(citizen budget)၊ စာမျက်နှာ ၅ |
| ၅၁။ | ပေးချေခြင်း<br>Debt-Service | ငွေချေးပေးသူနှင့် ငွေချေးယူသူအကြား ပေးချေမှု။ (၁) အတိုးအတွက် ပေးချေမှု၊ (၂) ငွေရင်းအတွက် ပေးချေမှုနှင့် (၃) ချေးငွေအမျိုးအစားပေါ် မူတည်၍ သတ်မှတ်ချက်အပေါ် ပေးဆောင်ခတို့အနက် တစ်မျိုး (သို့မဟုတ်) သုံးမျိုးစလုံး ပါဝင်သည်။ | Dragoslay<br>Avramović |
| ၅၂။ | ပြင်ပစာရင်းစစ်<br>External Audit | အဖွဲ့အစည်းတစ်ခုအား ပြင်ပလွတ်လပ်သော စာရင်းစစ်အဖွဲ့မှ စာရင်းစစ်ခြင်း။ ပြည်သူ့ဘဏ္ဍာတွင် အစိုးရ၏ ဘဏ္ဍာစီမံခန့်ခွဲမှုနှင့် မူဝါဒကို ထိန်းချုပ်ရန်အတွက် ပြင်ပစာရင်းစစ်ကို အသုံးပြုသည်။ နိုင်ငံတော်၏ စာရင်းစစ်ချုပ်ရုံးရည်ရွယ်ချက်မှာ အဖွဲ့အစည်း၏ စာရင်းများ၊ ဘဏ္ဍာရေးဆိုင်ရာ ထုတ်ပြန်ချက်များ၊ ဥပဒေကြောင်းအရနှင့် လုပ်ထုံးလုပ်နည်းများအရ အကောင်အထည်ဖော်ဆောင်ရွက်ထားသော လုပ်ငန်းများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စွမ်းဆောင်နိုင်မှုများအပေါ် ပြင်ပစာရင်းစစ်မှ ထင်မြင်ချက်နှင့် အစီအရင်ခံစာ တင်ပြရန်ဖြစ်သည်။ အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းများကိုမူ တာဝန်ခံစာရင်းစစ်သော ပြင်ပစာရင်းစစ်သည် အစီရင်ခံစာကို လွှတ်တော်သို့ မကြာခဏ တိုက်ရိုက်တင်သွင်းပြီး ယေဘုယျအားဖြင့် ယင်းကို နိုင်ငံတော်၏ စာရင်းစစ်ချုပ်ဟု ညွှန်းဆိုသည်။ | OECD 1<br>PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၃၄ |
| ၅၃။ | ပြင်ပကြွေးမြီများ<br>External Debt | နိုင်ငံတော်၏ ပြင်ပရှိ သူများအပေါ် တင်ရှိနေသော ကြွေးမြီ။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၃၄ |
| ၅၄။ | ရသုံးမှန်းခြေငွေစာရင်းတွင် မပါဝင်သော ရန်ပုံငွေ စာရင်းများ<br>Extra Budgetary Funds | အစိုးရအဖွဲ့အစည်းများ၏ စာရင်းဖြစ်သော်လည်း အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်းမရှိသော ရန်ပုံငွေစာရင်းများ၊ အဆိုပါ ရန်ပုံငွေ အသုံးစရိတ်များကို သတ်မှတ်ထားသည့်အခွန်များ (သို့မဟုတ်) အသုံးပြုကြေးနှင့် ဝန်ဆောင်ခများမှ ရရှိသည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၃၅ |
| ၅၅။ | အတည်ပြုဘတ်ဂျက်<br>Enacted Budget | အတည်ပြုဘတ်ဂျက်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဖြစ်သည့်အလျောက် အများပြည်သူသိရှိနိုင်စေရန် လိုအပ်သည်။ ၎င်းမှ ဘဏ္ဍာရေးနှစ်အတွင်း သုံးသပ်ရန်လိုအပ်သော အခြေခံသတင်းအချက်အလက်များနှင့် ငွေကြေးစီမံခန့်ခွဲမှုကို စဉ်ဆက်မပြတ်စောင့်ကြည့်ရန် အထောက်အပံ့ပြုသည်။ အတည်ပြုဘက်ဂျက်မှာ အရေးပါလှသည်။ အဘယ်ကြောင့်ဆိုသော် အုပ်ချုပ်ရေးမှ တင်ပြလာသောအရာနှင့် ဥပဒေပြုရေးမှ ဥပဒေအဖြစ် ပြဌာန်းပေးသောအရာတို့ကို တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်လေ့လာစေနိုင်သောကြောင့်ဖြစ်သည်။ | TAF PFM Module |

| | | | |
|---|---|---|---|
| ၅၆။ | အစိုးရ အဖွဲ့မှ တင်ပြလာသော ဘတ်ဂျက်အဆိုပြုလွှာ Executive Budget Proposal | နိုင်ငံတစ်နိုင်ငံမှ နှစ်စဉ်နှစ်တိုင်းထုတ်ပြန်သော အရေးကြီးဆုံး မူဝါဒဆိုင်ရာ အချက်အလက်တစ်ခုဖြစ်ပြီး ယင်းဘတ်ဂျက်မှတဆင့် အစိုးရများက ၎င်းတို့၏မူဝါဒရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ကြသည်။ အစိုးရဘတ်ဂျက်အဆိုပြုလွှာ၏ သဘောသဘာဝသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွာခြားသည်။ တစ်ခါတစ်ရံတွင် အဆိုပြုလွှာများသည် စာတမ်းတစ်ခုသာဖြစ်ပြီး တစ်ခါတစ်ရံတွင် စာတမ်းများစွာကို စုစည်းဖော်ပြလေ့ရှိသည်။ အုပ်ချုပ်ရေး၏ ဘတ်ဂျက်အဆိုပြုလွှာများ ပွင့်လင်းမြင်သာမှုရှိရေးသည် အလွန်ပင်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအဆိုပြုလွှာများမှတဆင့် ဝင်ငွေ (ပြည်သူများ အခွန်မည်မျှပေးဆောင်သည်)၊ အသုံးစရိတ် (အစိုးရ အရင်းအမြစ်များကို ပြည်သူများအကြား မည်သို့ ခွဲဝေပေးသည်) နှင့် ကြွေးမြီ (လက်ရှိနှင့် နောင်မျိုးဆက်များမှ အစိုးရကိုယ်စား ပေးဆပ်ရန်ရှိသည့်အကြွေး) တို့ကို သတ်မှတ်နိုင်သည်။ ဘက်ဂျက်ဆွေးနွေးပွဲ ဖြစ်ပေါ်လာစေရန် ပြည်သူလူထုနှင့် ဥပဒေပြုသောသူတို့မှ သိရှိနေရန် လိုအပ်ပါသည်။ ထိုမှသာ ထုတ်ပြန်ထားသော ဥပဒေများပေါ် အခြေခံပြီး အုပ်ချုပ်ရေးစီမံခန့်ခွဲသူတို့မှ  အခွန်စည်းကြပ်ခြင်း၊ အသုံးပြုခြင်းနှင့် ချေးငှားခြင်းစီမံကိန်းများကို အကောင်းဆုံးနည်းလမ်းများဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (citizen budget)၊ စာမျက်နှာ ၁ |
| ၅၇။ | စီးပွားရေးဆိုင်ရာ အမျိုးအမည် ခွဲခြမ်းစိတ်ဖြာခြင်း Economic Classification | အသုံးစရိတ်များနှင့် မတည်ပစ္စည်းများမှ အမြတ်ရရှိမှု၊ ထုခွဲရောင်းချမှုတို့အား (လစာ၊ အတိုး၊ လွှဲပြောင်းငွေ စသည့် ) စီးပွားရေး သဘောသဘာဝဆိုင်ရာ အမျိုးအမည်အဖြစ် ခွဲခြမ်းစိတ်ဖြာဖော်ပြမှု။ | OECD 1 |
| ၅၈။ | ရပိုင်ခွင့်အထူးထောက်ပံ့ပေးရမည့် အရာများ Entitlement | အစီအစဉ်များ အကောင်အထည်ဖော်ရန် စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက အစိုးရမှ ရန်ပုံငွေလွှဲပြောင်းပေးခြင်း၊ ထောက်ပံ့ပေးခြင်းတို့ဖြင့် အစီအစဉ်အတွက် အသုံးစရိတ်ကျခံပေးခြင်း။ ယေဘုယျအားဖြင့် လူမှုဖူလုံရေးအစီအစဉ်များအရ ရပိုင်ခွင့်ရှိသည်များ။ အထူးထောက်ပံ့ပေးရမည့် အရာများ။ | IMF |
| ၅၉။ | အသုံးစရိတ်များ Expenditure | အစိုးရ၏ ကတိကဝတ် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် သုံးစွဲသော အသုံးစရိတ်များဖြစ်သည်။ | TAF PFM Module |
| ၆၀။ | စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် Framework for Economic and Social Reforms (FESR) | စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင်သည် အမျိုးသားဘက်စုံဖွံ့ဖြိုးမှုတိုးတက်ရေး (၂၀၁၂-၁၅) အတွက် ရေးဆွဲထားသော ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကာလရှည်ဖွံ့ဖြိုးမှုအတွက် နည်းစနစ်တကျ မူဝါဒချမှတ်ထားသော မူဘောင်တစ်ခုဖြစ်သည်။ | FESR |
| ၆၁။ | ဘဏ္ဍာရေးမူဝါဒ Fiscal Policy | အခွန်ဘဏ္ဍာနှင့် အသုံးစရိတ်များအပေါ် အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုများ။ ဘဏ္ဍာရေးမူဝါဒကို အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်းမှတဆင့် ဆောင်ရွက်ပြီး နိုင်ငံစီးပွားရေးကို ထိန်းကျောင်းလွှမ်းမိုးရန် အဓိကဖြစ်သည်။ အစိုးရဘဏ္ဍာရေးအခြေအနေ စွမ်းဆောင်နိုင်အားကို ဖော်ပြသည့် ဘဏ္ဍာရေး လိုငွေပြမှုနှင့် ဂျီဒီပီအချိုး၊ ကြွေးမြီနှင့် ဂျီဒီပီအချိုး စသည့် ညွှန်းကိန်းများသည် ဘဏ္ဍာရေးမူဝါဒ အဟန့်အတားများဖြစ်သည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၃၉ |

| | | | |
|---|---|---|---|
| ၆၂။ | ဘဏ္ဍာရေးအရ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း<br>Fiscal Decentralization | အသုံးစရိတ်များကို တာဝန်ယူသုံးစွဲမည့် နည်းလမ်း၊ သက်ဆိုင်ရာ ဘဏ္ဍာရေးအရင်းအမြစ်များကို မည်သို့ခွဲဝေမည် စသည့် နည်းလမ်းများကို ဖော်ပြထားရမည်။ ဤဘဏ္ဍာရေးအရင်းအမြစ်များကို ဗဟိုအစိုးရ ရန်ပုံငွေမှ အောက်ခြေအဆင့်များသို့ ကဏ္ဍအလိုက် ခွဲဝေ တာဝန်ယူစေခြင်း သို့မဟုတ် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း၊ ဒေသန္တရအခွန်အကောက်ရငွေ၊ ဗဟိုမှ ဒေသန္တရ လွှဲပြောင်းပေးအပ်ငွေ၊ ချေးငွေစသည့် စနစ်တစ်ခု၏ ဒေသန္တရ အစိုးရအား ပိုမိုပြည့်ဝသည့် ထိန်းချုပ်လုပ်ပိုင်ခွင့် ခွဲဝေအပ်နှင်းခြင်းမျိုး ဖြစ်နိုင်ပါသည်။ | မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရ၊ စာမျက်နှာ viii |
| ၆၃။ | ဘဏ္ဍာရေး ဆုံးရှုံးနိုင်ခြေများ<br>Fiscal Risk | ဘဏ္ဍာရေး ဆုံးရှုံးနိုင်ခြေတွင် အတိအကျပေးချေရမည့် အသုံးစရိတ်များအတွက် မရေရာမှုများ၊ တည်ငြိမ်မှုမရှိသော စီးပွားရေးဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များကြောင့် ရသုံးမှန်းခြေစာရင်းအား ထိခိုက်လာမှုနှင့် ငွေကြေးကဏ္ဍ ပြန်လည်တည်ဆောက်မှု စသည်တို့ကြောင့် ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်များ ပါဝင်သည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၃၉ |
| ၆၄။ | ဘဏ္ဍာရေး လုပ်ပိုင်ခွင့်<br>Fiscal Space | ဘဏ္ဍာရေးလုပ်ပိုင်ခွင့်ဆိုသည်မှာ အစိုးရကထိန်းညှိပေးရမည်ဖြစ်သော ဝင်ငွေနှင့် အသုံးစရိတ်များ၏ လွတ်လပ်နေသော ငွေပမာဏဖြစ်ပါသည်။ အစိုးရသုံးစွဲမှုများကို အပိုအရင်းအမြစ်များမှ ထုတ်ယူသုံးစွဲနိုင်သည်။ | IMF |
| ၆၅။ | ဘဏ္ဍာငွေ ပွင့်လင်းမြင်သာမှု<br>Fiscal transparency | အစိုးရ၏ အဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ အစိုးရ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးမူဝါဒ ရည်မှန်းချက်များနှင့် ဦးတည်ချက်များ၊ ငွေရေးကြေးရေး ခန့်မှန်းချက်များ၊ အစိုးရကဏ္ဍ ငွေစာရင်းများအား ပြည်သူလူထုသို့ အသိပေးထုတ်ပြန်ကြေငြာသည့် မူဝါဒတစ်ရပ်။ ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုတွင် အစိုးရ၏ လှုပ်ရှားဆောင်ရွက်မှုများ (အစိုးရကဏ္ဍ ပြင်ပလှုပ်ရှားဆောင်ရွက်မှုများ အပါအဝင်) နှင့် စပ်လျဉ်း၍ ယုံကြည်နားလည်နိုင်လောက်သော၊ အပြည့်ပြည့်ဆိုင်ရာနှင့် နှိုင်းယှဉ်ထားသော သတင်းများအဖြစ် ရရှိရန် အဆင်သင့်ဖြစ်နေခြင်းဖြစ်သည်။ သို့မှသာ ရွေးကောက်တင်မြှောက်ခံများ၊ ဥပဒေပြုရေးနှင့် ငွေကြေးဈေးကွက်မှ အစိုးရ၏ လက်ရှိနှင့် အနာဂတ် ဘဏ္ဍာရေးအခြေအနေကို သုံးသပ်နိုင်မည်ဖြစ်သည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၃၉ |
| ၆၆။ | ပေးရန်ကျန်ကြွေးမြီ<br>Floating Debt | ပုံသေအားဖြင့် သတ်မှတ်ထားသောကြွေးမြီ ပေးချေရန် တာဝန်များထက် အစိုးရမှ ရရှိပြီးကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ကျန်ရှိသည့် ပေးရန်တာဝန်များ။ မပေးချေရသေးသော ပြေစာအစုအပေါင်း။ (အချို့နိုင်ငံများတွင် အစိုးရမှ ကာလတို ပေးချေရန်ကျန်ရှိသည့် ကြွေးမြီများ ဟုခေါ် ဆိုသည်)။ | IMF |
| ၆၇။ | ရသုံးမှန်းခြေစာရင်း ခန့်မှန်းချက်<br>Forward Estimate | ရှေ့လာမည့် ဘဏ္ဍာရေးနှစ်တစ်နှစ်သာမက နောင်လာမည့် ဘဏ္ဍာရေးနှစ် သုံးနှစ်အတွက် ရသုံးမှန်းခြေစာရင်းအား ကနဦးခန့်မှန်းခြင်းဖြစ်သည်။ ဥပမာ - ပထမဘဏ္ဍာရေးနှစ် (၁) ၏ ရသုံးမှန်းခြေစာရင်းအား အတည်ပြုပြဋ္ဌာန်းပြီးသော်၊ အနာဂတ်နှစ်များ အနက် ပထမဘဏ္ဍာရေးနှစ်ဖြစ်သော ဘဏ္ဍာရေးနှစ် (၂) ၏ ကနဦး ရသုံးမှန်းခြေသည် နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေဖြစ်သည်။ ယင်းခန့်မှန်းချက်တွင် ထပ်တိုး အနာဂတ်နှစ်တစ်နှစ် (ဘဏ္ဍာရေးနှစ်) အား ပေါင်းထည့်ကာ ခန့်မှန်းခြင်းဖြစ်သည်။ | OECD 2 |

| | | | |
|---|---|---|---|
| ၆၈။ | လုပ်ငန်းအကောင်အထည် ဖော်မှုများ သို့မဟုတ် ပေးချေမှုများအား ခွဲခြမ်းခြင်း<br>Functional Classification | မူဝါဒအတွက် ငွေကြေးဆိုင်ရာ ပိုင်ဆိုင်မှုများ ရရှိမှု (သို့) ရောင်းချခြင်းများဆိုင်ရာ အသုံးစရိတ်များကို စုစည်းထားခြင်းဖြစ်သည်။ အစိုးရ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနစိတ်များမှ ၎င်းတို့၏ လုပ်ငန်းအကောင်အထည်ဖော်မှုများ (သို့မဟုတ်) ပေးချေမှုများအား ခွဲခြမ်းစုစည်းထားခြင်းဖြစ်သည်။ | OECD 1 |
| ၆၉။ | ဘဏ္ဍာရေးမူဝါဒ သတ်မှတ်ချက်<br>Fiscal Policy Rules | ဘဏ္ဍာရေးမူဝါဒ၏ အမြဲတမ်းအကြပ်အတည်း၊ အဟန့်အတားများဖြစ်သော ရသုံးမှန်းခြေလိုငွေနှင့် ဂျီဒီပီအချိုး၊ ကြွေးမြီနှင့် ဂျီဒီပီအချိုးတို့သည် ဘဏ္ဍာရေးဆောင်ရွက်မှုအားလုံး၏ ညွှန်းကိန်းများအဖြစ် သတ်မှတ်သည်။ | IMF |
| ၇၀။ | ငွေကြေးဆက်လက် ထောက်ပံ့ပေးခြင်း<br>Forward Funding | ဘဏ္ဍာနှစ် နောက်ဆုံးပိုင်းတွင် နောက်ဘဏ္ဍာနှစ်အတွင်း ဆက်လက်ထောက်ပံ့ရန်လိုအပ်သော အစီအစဉ်များအတွက် ဘတ်ဂျက် လွှဲပြောင်းခွင့်အာဏာကို အပ်နှင်းခြင်း ။ | TAF PFM Module |
| ၇၁။ | ငွေကြေးပိုင်ဆိုင်မှုများ<br>Financial Asset | ငွေကြေးပိုင်ဆိုင်မှုများဆိုသည်မှာ ငွေသားအရင်းအမြစ်နှင့် အခြားတန်ဖိုးရှိသော ပစ္စည်းများ၊ စာချုပ်စာတမ်းပိုင်ဆိုင်မှုများ၊ စာချုပ်စာတမ်းအရပိုင်ဆိုင်မှုအခိုင်အမာရှိသော ပစ္စည်းများဖြစ်သည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၃၆ |
| ၇၂။ | ကြွေးမြီသုံးငွေ<br>Finanical Expenditure | ပြည်တွင်း၊ ပြည်ပ ကြွေးမြီပြန်လည်ပေးအပ်ခြင်းအတွက် အသုံးစရိတ်၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေ (ငွေကြေးအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံထားမည့် အသုံးစရိတ်)၊ စုဆောင်းငွေများ (ငွေစုလက်မှတ်များဖြင့် စုဆောင်းငွေအပေါ် ပြန်ထုတ်ငွေများ) | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (citizen budget)၊ စာမျက်နှာ ၄ |
| ၇၃။ | ကြွေးမြီရငွေ<br>Finanical Revenue | ပြည်တွင်း၊ ပြည်ပမှ ချေးယူငွေအတွက် ရငွေများ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေများနှင့် စုဆောင်းငွေ။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (citizen budget)၊ စာမျက်နှာ ၄ |
| ၇၄။ | ငွေကြေးဆိုင်ရာ ပေးရန်ရှိမှု<br>Financial Liability | ငွေကြေးဆိုင်ရာပေးရန်ရှိမှု၊ သဘောတူချုပ်ဆိုထားသော ပေးရန်ရှိ ငွေကြေးများ၊ ဝန်ဆောင်မှုများ၊ ငွေကြေးရင်းမြစ်များ ပိုင်ဆိုင်မှုများ။ | TAF PFM Module |

| | | | |
|---|---|---|---|
| ၇၅။ | ဘဏ္ဍာရေး<br>ထောက်ပံ့ရေး<br>Financing | ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းဆောင်တာများအားလုံးအပြင် ဘဏ္ဍာရေးအရင်းမြစ်များ၊ ပိုငွေ၊ လိုငွေပြမှုများ အားလုံး ပါဝင်သည်။ ယေဘုယျအားဖြင့် အစိုးရ၏ ငွေကြေးရင်းမြစ်များကို စီမံခန့်ခွဲတွက်ချက်၍ မူဝါဒများ၊ စီမံချက်များအား တွက်ချက်ဆောင်ရွက်သော ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ခြင်းများ ဖြစ်သည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၃၈ |
| ၇၆။ | အထွေထွေရန်ပုံငွေ<br>General Fund | ဥပဒေအရ တိတိကျကျ ကြိုတင်လျာထားခြင်းမရှိသော အစိုးရအသုံးစရိတ်များကို မှတ်တမ်းတင်ထားသော ငွေစာရင်း၊ အထွေထွေချေးငွေများမှရသော အမြတ်အစွန်းများနှင့် ၎င်းငွေများအတွက် အသုံးစရိတ်များ စုစုပေါင်း။ | TAF PFM Module |
| ၇၇။ | ထောက်ပံ့ငွေ<br>Grants | ထောက်ပံ့ငွေဆိုသည်မှာ အစိုးရဌာနများအချင်းချင်းကြား ပြန်လည်ပေးဆပ်ရန်မလိုသော သာမန်ထောက်ပံ့ငွေ၊ ငွေလုံးငွေရင်း ထောက်ပံ့ငွေများဖြစ်သည်။ ထောက်ပံ့ငွေကို အစိုးရဌာနပြင်ပရှိ ပုဂ္ဂလိကအဖွဲ့အစည်းများ သို့မဟုတ် တစ်ဦးခြင်းအား ထောက်ပံ့ရာတွင်လည်း ခေါ်ဝေါ်သုံးစွဲသည်။ ထောက်ပံ့ငွေပေးအပ်သော အဖွဲ့အစည်းတွင် အသုံးစရိတ်ဖြစ်ပြီး လက်ခံရရှိသော အဖွဲ့တွင် ဝင်ငွေဖြစ်သည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၄၅ |
| ၇၈။ | စုစုပေါင်းပြည်တွင်း<br>ထုတ်ကုန် တန်ဖိုး<br>Gross Domestic Product (GDP) | နိုင်ငံတစ်နိုင်ငံ၏ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း နောက်ဆုံးထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ စုစုပေါင်းတန်ဖိုးကို ခေါ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှစ်အလိုက် စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) အပြောင်းအလဲပေါ်မူတည်၍ တိုင်းတာသည်။ | OECD 1 |
| ၇၉။ | ဌာနတွင်း စာရင်းစစ်<br>Internal Audit | ဝန်ကြီးဌာနတစ်ခုအတွင်းရှိ ဌာနတစ်ခု (သို့မဟုတ်) ဌာနစိတ်တစ်ခု (သို့မဟုတ်) အခြားအစိုးရအဖွဲ့အစည်းတစ်ခု၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများမှ အဖွဲ့အစည်း၏ စနစ်၊ လုပ်ထုံးလုပ်နည်းများကို အမှားအယွင်းနည်းပါးစေရန်နှင့် ထိရောက်မှုမရှိသော အလေ့အကျင့်များ၊ မမှန်မကန်ဆောင်ရွက်မှုများကို စစ်ဆေးဆန်းစစ်ရန်အတွက် စာရင်းစစ်ထံသို့ အပ်နှံခြင်းဖြစ်သည်။ ဌာနတွင်း စာရင်းစစ်ဌာနစိတ်များသည် အဖွဲ့အစည်းအတွင်းတွင် လွတ်လပ်သောအဖွဲ့များ ဖြစ်ရပြီး အဖွဲ့အစည်း၏ စီမံခန့်ခွဲအုပ်ချုပ်ရေးပိုင်းသို့ တိုက်ရိုက်အစီရင်ခံရသည်။ | OECD 1 |
| ၈၀။ | အစိုးရ ဌာနဆိုင်ရာကြား<br>ငွေကြေးလွှဲပို့ခြင်း<br>Intergovernmental Fiscal Transfer | အစိုးရ ဌာနဆိုင်ရာကြား ငွေကြေးလွှဲပို့ခြင်းဆိုသည်မှာ အစိုးရဌာနတစ်ခုမှ အခြားဌာနတစ်ခုသို့ ရန်ပုံငွေများ လွှဲပို့ခြင်း ဖြစ်သည်။ ၎င်းသည် အထွေထွေအစိုးရလုပ်ငန်းများအတွက် (သို့မဟုတ်) ရည်ရွယ်ထားရှိသည့် လုပ်ငန်းများအတွက် ရန်ပုံငွေ မတည်ခြင်း ဖြစ်နိုင်သည်။ | မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (ပြုပြင်ပြောင်းလဲရေးအတွက် မူဝါဒလမ်းစဉ်တစ်ခုသို့) |
| ၈၁။ | နှစ်အတွင်း အစီရင်ခံစာ<br>(သုံးလပတ် အစီရင်ခံစာ)<br>In-Year Reports | ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဘတ်ဂျက်အသုံးပြု လုပ်ငန်းဖော်ဆောင်မှုများကို လျှပ်တစ်ပြက်မြင်ကွင်းပုံတစ်ခု ဥပမာ အထောက်အပံ့ပေးသည်။ တစ်နှစ်တွင်း အစီရင်ခံစာများသည် အနှစ်ချုပ်၊ အချိန်မှန် (အထူးသဖြင့် လစဉ်/လတိုင်း) အစီရင်ခံစာများသာ ဖြစ်သည်။ သို့သော် ဘက်ဂျက်၏ အဓိကအစိတ်အပိုင်းများကို သုံးသပ်ဆန်းစစ်ခြင်း မရှိပေ။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (citizen budget)၊ စာမျက်နှာ ၁ |

| | | | |
|---|---|---|---|
| ၈၂။ | ဝင်ငွေဖော်ပြချက်<br>Income Statement | ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ငွေကြေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေ ဖော်ပြရာတွင် အသုံးပြုသော ဝင်ငွေဖော်ပြချက်ဖြစ်သည်။ | TAF PFM Module |
| ၈၃။ | ချေးငွေများ<br>Loan | သတ်မှတ်ကာလအတွင်း အတိုးနှင့်တကွ ပြန်ဆပ်ရမည့် ချေးငွေများ။ | TAF PFM Module |
| ၈၄။ | လုံးပေါင်း လျာထားငွေ<br>Lump-Sum<br>Appropriation | ဘတ်ဂျက်စာအုပ်များ သို့မဟုတ် အသေးစိတ်အချက်အလက်များ မပါဝင်ဘဲ ငွေကြေးသုံးစွဲရန် ခွဲဝေသတ်မှတ်ထားသော ဥပဒေကို အထောက်အပံ့ဖြစ်စေသည့် အခြားစာရွက်စာတမ်းများအတွက် လွှဲပြောင်းငွေ။ | TAF PFM Module |
| ၈၅။ | ပြည်သူပိုင်သိမ်းခြင်း<br>Nationalization | ပုဂ္ဂလိကပိုင်ဆိုင်မှုများ (သို့မဟုတ်) သမဝါယမပိုင်များအား အစိုးရက နိုင်ငံတော်အကျိုးအလို့ငှာ သိမ်းယူခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း ဖြစ်သည်။ | မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအယူအဆအား နားလည်သဘောပေါက်ကြပုံ၊ စာမျက်နှာ iv |
| ၈၆။ | တိုင်းပြည်ဝင်ငွေ<br>National Income | နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံသားများ၏ တစ်နှစ်အတွင်း ထုတ်လုပ်မှုမှရရှိသော စုစုပေါင်းဝင်ငွေ။ | TAF PFM Module |
| ၈၇။ | မေခရိုစီးပွားရေးမူဘောင်<br>Macroeconomic<br>Framework | နှစ်လတ် နိုင်ငံအဆင့် စီးပွားရေးမူဘောင်တွင် ငွေပေးငွေယူရှင်းတမ်း၊ ထုတ်လုပ်မှုကဏ္ဍ၊ ဘဏ္ဍာရေးစာရင်းများနှင့် ငွေကြေးကဏ္ဍတို့ ပါဝင်သည်။ ၎င်းတို့သည် ခန့်မှန်းချက်(သို့) ယူဆချက်များနှင့် ဖြစ်ပေါ်နေသော စီးပွားရေးတိုးတက်မှု၊ ဘဏ္ဍာရေးပိုငွေ၊ လိုငွေ၊ ငွေပေးငွေယူရှင်းတမ်း၊ ငွေကြေးလဲလှယ်နှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်း၊ ကြွေးမြီတိုးတက်မှု၊ ပုဂ္ဂလိကနှင့် ပြည်သူပိုင်ကဏ္ဍတို့၏ ပါဝင်မှုအချိုး၊ ပြည်ပချေးယူမှုအပေါ် မူဝါဒများ စသည်တို့အကြား ကိုက်ညီမှု ရှိ၊ မရှိ ပြန်လည်စစ်ဆေးသုံးသပ်ရန် ကိရိယာဖြစ်သည်။ | OECD 1 |
| ၈၈။ | နှစ်လတ် ဘဏ္ဍာရေး မူဘောင်<br>Medium-term fiscal<br>framework ( MTFF) | နှစ်လတ် ဘဏ္ဍာရေးမူဘောင်သည် ဝင်ငွေ၊ အသုံးစရိတ်နှင့် မြီစားမြီရှင်များကို နှစ်များအလိုက် စုပေါင်းခန့်မှန်းချက် ဖြစ်သည်။ ယင်းမူဘောင်သည် ဗဟိုအစိုးရမှ ဘဏ္ဍာရေးစည်းဘောင်ကို သေချာစေ၍ ၎င်းတို့၏ မဟာဗျူဟာဦးစားပေးများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များ ခွဲဝေရာတွင် တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသော ရသုံးမှန်းခြေစာရင်း ပြင်ဆင်တွက်ချက်ရေးဆွဲသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ<br>(citizen budget)၊ စာမျက်နှာ ၁၀<br>OECD 2 |

| | | | |
|---|---|---|---|
| ၈၉။ | ခြောက်လပတ်<br>အစီအရင်ခံစာ<br>Mid-Year Review or report | ဘဏ္ဍာနှစ်ခရီးတစ်ဝက်၏ ဘက်ဂျက်အကျိုးသက်ရောက်မှု ဆန်းစစ်လေ့လာချက်တစ်ခု။ နှစ်ဝက်ပြန်လည်သုံးသပ်ခြင်းသည် ပြဋ္ဌာန်းဘက်ဂျက်တွင် ချမှတ်ထားသော မဟာဗျူဟာများအပေါ် အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက်များအား ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်နိုင်သော အခွင့်အလမ်းတစ်ခုကို ကိုယ်စားပြုသည်။ ၎င်းအပြင် လက်ရှိ မက်ခရိုစီးပွားရေး ဖွံ့ဖြိုးမှုကို လုံလုံလောက်လောက် ဖြေရှင်းပေးနိုင်သည့် ဘက်ဂျက်ရှိနေသလား ဟူသော သုံးသပ်မှုကို ပြုလုပ်စေသည်။ ယင်းတို့တွင် သဘာဝအရင်းအမြစ်တန်ဖိုးများ ပြောင်းလဲခြင်း ၊ ဘက်ဂျက်အစိတ်အပိုင်းအသီးသီး၏ အကောင်အထည်ဖော်မှုအခြေအနေနှင့် ရည်ရွယ်သတ်မှတ်ထားသောကာလအတွင်း ဝင်ငွေကောက်ယူမှုများ စသည်တို့ပါဝင်သည်။ နှစ်ဝက်ပြန်လည်သုံးသပ်ခြင်းသည် ဝန်ကြီးဌာနများ (သို့မဟုတ်) ကဏ္ဍအားလုံး (သို့မဟုတ်) တိကျသော ကဏ္ဍအသီးသီးရှိ ငွေကြေးသုံးစွဲမှုကြား ဘက်ဂျက်ခွဲဝေမအား ညှိယူရန် (သို့မဟုတ်) ပြောင်းလဲပြင်ဆင်ရန် လိုအပ်ခြင်း ရှိ၊ မရှိကို လမ်းညွှန်ပေးသည်။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (citizen budget)၊ စာမျက်နှာ ၁ |
| ၉၀။ | ကိုယ်ပိုင်ဝင်ငွေရင်းမြစ်<br>Own Source Revenue | အစိုးရဌာဆိုင်ရာကြား ငွေကြေးလွှဲပို့ခြင်း မပါဝင်ဘဲ အခွန်ကောက်ခံခြင်း၊ မြေနှင့် စီးပွားရေးလုပ်ငန်းများမှ ရရှိသော အခနှင့် ကျသင့်ငွေများ၊ ဝန်ဆောင်မှုများမှ တိုက်ရိုက်ရရှိသော ဒေသန္တရအစိုးရ၏ ဝင်ငွေ။ ထိုဝင်ငွေများကို ဒေသန္တရအစိုးရမှ ၎င်းတို့၏ လုပ်ငန်းဖော်ဆောင်မှုများတွင် ထည့်ဝင်သည်။ | TAF PFM Module |
| ၉၁။ | ဘတ်ဂျက်ပြင်ပ<br>ငွေကြေးများ<br>Off- Budget Items | လွှတ်တော်သို့မတင်ပြရသည့် non-budget အဖြစ်လူသိများသည်။ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းတွင် မပါဝင်သော ငွေကြေးများ။ ဥပမာ ကြွေးမြီအပ်ငွေများ၊ လွှဲပို့ငွေများနှင့် ယာယီစာရင်းများဖြစ်ပြီး ဘက်ဂျက်ဆိုင်ရာ အခေါ်အဝေါ်တစ်ခုသာ ဖြစ်သည်။ | TAF PFM Module |
| ၉၂။ | ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း<br>Privatilization | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အကျိုးရှိစေရန် ရည်ရွယ်၍ မူလက အစိုးရဆောင်ရွက်နေသော လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ရောင်းချခြင်း။ | မြန်မာနိုင်ငံတွင်ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအယူအဆအား နားလည်သဘောပေါက်ကြပုံ၊ စာမျက်နှာ iv |
| ၉၃။ | မူဝါဒအခြေခံ<br>ဘတ်ဂျက်ရေးဆွဲခြင်း<br>Policy-Based Budgeting | အစိုးရမှ ချမှတ်ထားသော မူဝါဒများနှင့်အညီ ရသုံးမှန်းခြေစာရင်း ရေးဆွဲခြင်း လုပ်ငန်းစဉ်ဖြစ်သည်။ အစိုးရမှ ဘဏ္ဍာရေးမူဝါဒ၊ နိုင်ငံတော် မဟာဗျူဟာနှင့်အညီ အရင်းအမြစ်များကို သုံးစွဲခြင်းအတွက် အစီအစဉ်ချမှတ်ခြင်းဖြစ်သည်။ | PEFA |
| ၉၄။ | ဘက်ဂျက် မရေးဆွဲမီ<br>ဖော်ပြချက်<br>Pre-Budget Statement | တစ်ခါတစ်ရံတွင် ဘတ်ဂျက်မရေးဆွဲမီ ငွေကြေးအစီရင်ခံစာ ဟုလည်း ခေါ် ဆိုပြီး အုပ်ချုပ်ရေး၏ နောင်လာမည့် ဘဏ္ဍာနှစ်အတွက် စီပွားရေးနှင့် ဘဏ္ဍာရေး မူဝါဒများဆိုင်ရာ အစီအစဉ်များကို ဖော်ပြပါသည်။ ထို့ပြင် အုပ်ချုပ်ရေး၏ ရသုံးမှန်းခြေအဆိုပြုလွှာ အသေးစိတ်မတင်ပြမီ ဘက်ဂျက်နှင့်သက်ဆိုင်သော ဝေဖန်ဆွေးနွေးမှုများကို တွန်းအားပေးသည်။ အုပ်ချုပ်ရေးပိုင်းမှ ၎င်းတို့၏ မူဝါဒပန်းတိုင်နှင့် ဘတ်ဂျက်ရေးရာ ဘဏ္ဍာရေး မူဘောင် (အသုံးစုစုပေါင်း၊ ဝင်ငွေနှင့် လာမည့်နှစ်အတွက် ကြွေးမြီများပါဝင်သော) အတွင်းရှိ ရရှိနိုင်သော အရင်းအမြစ်များ ချိန်ညှိလုပ်ဆောင်ရသော ဘက်ဂျက်လုပ်ငန်းအဆင့်ဆင့်တိုင်းတွင် ပါရှိသော မဟာဗျူဟာကျကျ အစီအစဉ်များ ရေးဆွဲရာတွင် အရေးပါဆုံးသောအချက်များကို အကြိုဘက်ဂျက်အဆိုပြုလွှာက ထင်ဟပ်ပြစေသည်။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (citizen budget)၊ စာမျက်နှာ ၁ |

| | | | |
|---|---|---|---|
| ၉၅။ | ပြည်သူ့တာဝန်ခံမှု တာဝန်ယူမှု<br>Public Accountability | ပြည်သူ့တာဝန်ခံမှု တာဝန်ယူမှု ဆိုရာတွင် ပြည်သူ့ဘဏ္ဍာနှင့် ပြည်သူပိုင် အရင်းမြစ်များ သုံးစွဲနေသူများ၏ တစ်ဦးခြင်းသော်လည်းကောင်း ပုဂ္ဂလိကကဏ္ဍများအပြင် အကျိုးတူလုပ်ငန်းများအားလုံး အကြုံးဝင်သည်။ ၎င်းတို့သည် မိမိသုံးစွဲမှုများအပေါ် ငွေကြေးအားဖြင့် တာဝန်ခံ တာဝန်ယူမှု၊ စီမံခန့်ခွဲမှုများအားဖြင့် တာဝန်ခံ တာဝန်ယူမှုဖြင့် ပြည်သူလူထုအား ရှင်းလင်းဖြေကြားရမည့် တာဝန်ခံတာဝန်ယူမှုဖြစ်သည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၇၃ |
| ၉၆။ | ပြည်သူ့ရေးရာကဏ္ဍ<br>Public Sector | အစိုးရ၏အထွေထွေလုပ်ငန်းများအပါအဝင် ပြည်သူ့ကော်ပိုရေးရှင်း အားလုံး နှင့် တစ်စိတ်တစ်ပိုင်း ပြည်သူ့ကော်ပိုရေးရှင်းများပါဝင်သည်။ | မြန်မာနိုင်ငံတွင်ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအယူအဆအား နားလည်သဘောပေါက်ကြပုံ၊ စာမျက်နှာ iv |
| ၉၇။ | အစိုးရ-ပုဂ္ဂလိက အကျိုးတူ ဆောင်ရွက်မှုများ<br>Public-Private Partnership (PPP) | အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖက်စပ်လုပ်ကိုင်ခြင်းမှ အစိုးရကုန်စည်နှင့် ဝန်ဆောင်မှုများအား ပူးတွဲခွဲဝေ တာဝန်ယူသည့်အပေါ် သဘောတူညီချက် (အဖွဲ့အစည်းဆန်ဆန် ဆက်ဆံရေး)။ ပုံမှန်အားဖြင့် အစိုးရမှပြည်သူသို့ ကုန်စည်နှင့်ဝန်ဆောင်မှုများ သမာရိုးကျပေးနေခြင်းအပေါ် ပုဂ္ဂလိကမှ တစ်စုံတစ်ရာ ပါဝင်ခြင်းဖြစ်သည်။ ပုဂ္ဂလိက အကျိုးတူလုပ်ငန်းများဆောင်ရွက်သူများတွင် အမြတ်အစွန်းဦးတည်သော အဖွဲ့အစည်းများ ပါဝင်သလို အမြတ်အစွန်းအတွက် မဟုတ်သော အဖွဲ့အစည်းများလည်း ပါဝင်သည်။ | OECD 1 |
| ၉၈။ | စွမ်းဆောင်ချက်အခြေပြု ဘက်ဂျက်ရေးဆွဲခြင်း<br>Perfomance Base Budgeting | အဖွဲ့အစည်း၏ ဦးတည်ထားသောလားရာနှင့် ရည်းမှန်းရလဒ်များအား အကဲဖြတ်လေ့လာသုံးသပ်ထားသော သုံးသပ်ချက်အခြေခံမှု ဘတ်ဂျက်ရေးဆွဲသည့် ပုံစံဖြစ်သည်။ မိမိအဖွဲ့အစည်းရှိ ဘဏ္ဍာငွေအရင်းအမြစ်နှင့် မိမိတို့ရရှိလိုသော ရလဒ်များအား အချိုးကိုက်ညီအောင် စိစစ်ရေးဆွဲထားသော ဘက်ဂျက်ရေးဆွဲခြင်းဖြစ်သည်။ စွမ်းဆောင်ချက်အခြေပြု ဘက်ဂျက်ရေးဆွဲခြင်းစနစ်သည် ကုန်ကျစရိတ်များအား အကျိုးရှိရှိ ထိထိရောက် စီမန်ခန့်ခွဲမှုကို ပိုမိုဖြစ်စေပြီး ထိရောက်သော ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုကို အထောက်အပံ့ဖြစ်စေသည်။ | PEMPAL, Glossary of Public Financial Management, Version 3၊ စာမျက်နှာ ၆၈ |
| ၉၉။ | ရသုံးမှန်းခြေငွေ စာရင်းအား ကြိုတင် မှန်းဆနိုင်ခြင်း<br>Predictability | ရသုံးမှန်းခြေစာရင်းအား စီမံခန့်ခွဲရာ၌ မှန်းဆနိုင်ခြင်းဆိုသည်မှာ စီမံခန့်ခွဲသူမှ စီမံကိန်းလုပ်ငန်းများအတွက် ခွဲဝေပေးမည့်ဘဏ္ဍာငွေအရင်းအမြစ်ပမာဏကို ကြိုတင်သိရှိခြင်းဖြစ်သည်။ ထိုသို့ ကြိုတင်ခန့်မှန်းခြင်းမရှိပါက အစိုးရအရာရှိများအတွက် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအား အစီအစဉ်ရေးဆွဲပြင်ဆင်ရာတွင် အခက်အခဲဖြစ်စေပါသည်။ မှန်းဆရာတွင် သိသိသာသာတည်ငြိမ်မှုရှိသည့် မက်ခရိုစီးပွားရေး အခြေအနေတစ်ရပ် လိုအပ်သည်။ အစိုးရအသုံးစရိတ်အား စုစည်းခန့်မှန်းခြင်းဖြင့် သိရှိလာသော အစိုးရဘဏ္ဍာရေးအခြေအနေသည် ပုဂ္ဂလိကကဏ္ဍအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဈေးကွက်ဖြန့်ချိရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် ဆုံးဖြတ်ရာတွင် စိတ်ချရသော ဝန်းကျင်အခြေအနေ ဖြစ်စေပါမည်။ | OECD 1 |

| | | | |
|---|---|---|---|
| ၁၀၀။ | ဘဏ္ဍာငွေ ခွဲဝေလျာထားခြင်း Provisional Appropriation | ရသုံးမှန်းခြေငွေစာရင်း မတိုင်မီ ကုန်ကျပြီးနိုင်သော အသုံးစရိတ်အတွက် လုပ်ထုံးလုပ်နည်းများ ထပ်မံလိုအပ်ခြင်းမရှိသော ဥပဒေပြုခြင်းပါ ခွင့်ပြုချက်များ။ များသောအားဖြင့် ဘဏ္ဍာရေးနှစ်အတွင်းအသုံးပြုလေ့ရှိသည်။ ဥပမာ - ဥပဒေပြုရေးမှ ရသုံးမှန်းခြေငွေစာရင်းကို အတည်ပြုရန် အဆုံးသတ်မလုပ်ဆောင်ရသေးမီတွင် ဖြစ်သည်။ | IMF |
| ၁၀၁။ | ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု Public Financial Management (PFM) | ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ဆိုသည်မှာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ချမှတ်ထားသော ပန်းတိုင်များ ပြည့်မီအောင်မြင်ရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ်များကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရန် စီမံကိန်းများ ချမှတ်ရေးဆွဲခြင်း၊ လမ်းညွှန်ချက်များပေးခြင်း၊ ထိန်းချုပ်ခြင်းနှင့် ကြပ်မတ်ခြင်းပြုလုပ်သော စနစ်တစ်ခုဖြစ်သည်။ | CIPEA<br>TAF PFM Module |
| ၁၀၂။ | မူဝါဒ Policy ( Financial) | အနာဂတ်တွင် ဆောင်ရွက်မည့် မည်သည့်လုပ်ငန်းအတွက် ကြိုတင်စီမံခြင်းဖြစ်သည်။ အစိုးရအတွက်မူ စီမံကိန်းများ ကြိုတင်စီမံခြင်းသည် ရသုံးမှန်းခြေစာရင်းနှင့် သီးခြားလုပ်ငန်းတစ်ခုဖြစ်၍ သီးခြားဌာနတစ်ခု (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုမှ ရေးဆွဲခြင်းဖြစ်သည်။ သို့သော် လျာထားသည့် ရသုံးမှန်းခြေစာရင်းသည် ငွေကြေးဆိုင်ရာ ကြိုတင်စီမံခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသည့်အတွက် မည်သည့် စီမံကိန်းများ ကြိုတင်ပြင်ဆင်ခြင်းအတွက်မဆို ရသုံးမှန်းခြေစာရင်းနှင့် ချိတ်ဆက်မှုရှိရမည်။ | OECD 3 |
| ၁၀၃။ | အစိုးရ ကုန်စည်ဝယ်ယူခြင်း Public Procurement | နိုင်ငံတော်အစိုးရနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ကုန်စည်ဂယ်ယူခြင်း ကိုဆိုလိုခြင်းဖြစ်ပြီး ၎င်းလုပ်ငန်းစဉ်တလျောက်လုံး စပ်စပ်ပါဂင်သော ကုန်စည်လိုအပ်ချက်စီစစ်ခြင်းမှစ၍ ဂယ်ယူခြင်းစာချုပ်ချုပ်ဆို နှင့် ငွေပေးချေခြင်းစသည့်လုပ်ငန်းအားလုံးပါဂင်သည်။ | OECD 1 |
| ၁၀၄။ | ငွေတောင်းခံလွှာ Payment order | သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အခြားဌာနများ၏ တာဝန်ရှိဝန်ထမ်းများမှ ကျသင့်ငွေတောင်းခံလွှာများအတွက် ပေးချေရန် ခွင့်ပြုမှု။ | IMF |
| ၁၀၅။ | ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ Joint Public Account Committee (JPAC) | ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်အသီးသီးတွင် ဖွဲ့စည်းထားရှိသော ကော်မတီဖြစ်သည်။ ကော်မတီ၏ အဓိကတာဝန်မှာ ပြည်ထောင်စုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများအား စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရသည့်အပြင် ပြည်ထောင်စုရသုံးမှန်းခြေငွေစာရင်း လျာထားသုံးစွဲငွေများအား ပြည့်ဝအောင်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ၊ သုံးစွဲခွင့်ပြုငွေများအား ထိရောက်စွာ အသုံးပြုထားခြင်း ရှိ၊ မရှိ တို့ကို စိစစ်သည်။ | ပြည်ထောင်စုလွှတ်တော် ဝက်ဒ်ဆိုက် |
| ၁၀၆။ | ရငွေ Receipts | အစိုးရမှ ၎င်း၏ အချုပ်အခြာအာဏာကို ကျင့်သုံး၍ အခွန်ကောက်ခြင်း သို့မဟုတ် ငွေပေးချေစေခြင်းကြောင့် ရရှိလာသော ကောက်ခံရရှိငွေများ ၎င်းတို့ကို ပိုငွေ သို့မဟုတ် လိုငွေ အဖြစ် ချိန်ဆတွက်ချက် အသုံးပြုသည်။ | IMF |
| ၁၀၇။ | ဝင်ငွေ Revenue | အစိုးရမှ ၎င်း၏ အချုပ်အခြာအာဏာ သို့မဟုတ် အစိုးရအာဏာကို ကျင့်သုံး၍ ပြည်သူထံမှ ကောက်ယူသောရန်ပုံငွေ ဝင်ငွေများကို တစ်ဦးတစ်ယောက်၊ ပုဂ္ဂိုလ်စု ဝင်ငွေခွန်၊ ယစ်မျိုးခွန်၊ အကောက်ခွန်၊ ပိုင်ဆိုင်သောပစ္စည်းများနှင့် သက်ရှိချိန်တွင်ပေးကမ်းသည့် အဖိုးတန်လက်ဆောင်ပစ္စည်းများအပေါ် အခွန်ကောက်ခြင်း၊ အခများနှင့် ဒဏ်ကြေးများ၊ လူမှုအာမခံလုပ်ငန်းများအတွက် ငွေကြေးထည့်ဝင်ခြင်း ၊ အထွေထွေရငွေများ ( အစိုးရမှ သီးသန့်ရရှိသော ဝင်ငွေ၊ အလှူအတန်းများ ၊ သေတမ်းစာဖြင့်ထားခဲ့သော အမွေပစ္စည်းများ) စသည့် ရင်းမြစ်အမျိုးမျိုးမှ ရရှိသည်။ | TAF PFM Module |

| | | | |
|---|---|---|---|
| ၁၀၈။ | ရင်းမြစ်များ<br>Resourcess | စီမံချက်အတစ်ခုအတွက် သွင်းအားစု အရင်းအမြစ်များ။ ယေဘုယျအားဖြင့် ငွေအင်အား၊ လူအင်အား၊ လိုအပ်သည့် အထောက်အပံ့ပစ္စည်း အင်အား၊ ကုန်ကြမ်းအင်အားနှင့် မြေ၊ ရေ စသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အင်အားများ ပါဝင်သည်။ | DFAT Australia |
| ၁၀၉။ | အသုံးစရိတ်<br>ပေါင်းစည်းခြင်း<br>Reconciliation | ဘဏ်စာရင်းရှင်းတမ်းအရ အမှန်ပေးချေမှုနှင့် အစိုးရဌာနရှိ အသုံးစရိတ်ပေးချေမှုတောင်းခံလွှာများအား စစ်ဆေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။ (စရိတ်ပေးချေရန် ကတိကဝတ်ပြုခြင်းနှင့် ငွေပေးချေမှုတောင်းခံလွှာထုတ်ပေးခြင်း စသည့် အသုံးစရိတ်ဆိုင်ရာ အခြား လုပ်ငန်းစဉ်အဆင့်များတွင်လည်း ထိုသို့ ပေါင်းစည်းညှိနှိုင်း ဆောင်ရွက်နိုင်ပါသည်။) | IMF |
| ၁၁၀။ | ရသုံးမှန်းခြေငွေစာရင်း<br>ဝင်ငွေခန့်မှန်းချက်<br>Revenue Estimate (RE) | ဘဏ္ဍာရေးနှစ်တစ်နှစ် သို့မဟုတ် ဘဏ္ဍာရေးနှစ် အချို့အတွက် ရသုံးမှန်းခြေငွေစာရင်းတွင် အစိုးရဝင်ငွေ မည်မျှရှိသည်ကို ခန့်မှန်းခြင်း။ ဝင်ငွေပိုင်းခန့်မှန်းချက်သည် ရသုံးမှန်းခြေငွေစာရင်း စတင်ခန့်မှန်းတွက်ချက်သည့် အဆင့်မှစ၍ မရှိမဖြစ်ဆောင်ရွက်ရမည့် ခန့်မှန်းချက်ဖြစ်ပါသည်။ ရသုံးမှန်းခြေငွေစာရင်း ကာလစက်ဝန်းအကြား ယင်းခန့်မှန်းချက်အား လက်ရှိကာလနှင့်အညီ ပြန်လည်သုံးသပ် စိစစ်ရန်လိုအပ်သည်။ | OECD 1 |
| ၁၁၁။ | လှည့်ပတ်ရန်ပုံငွေ<br>Revolving Fund | ဘဏ္ဍာရေးနှစ်ကန့်သတ်ချက်များမရှိဘဲ လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက်ဝင်ငွေထဲမှ သတ်မှတ်ထားသော ရန်ပုံငွေ သို့မဟုတ် စာရင်း။ လှည့်ပတ်ရန်ပုံငွေများ ထားရှိရန်လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက် ရယူရမည်။ နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေတင်ပြရာတွင် ထည့်သွင်းဖော်ပြရမည်။ | OECD 1 |
| ၁၁၂။ | နိုင်ငံတော်ပိုင်<br>စီးပွားရေး လုပ်ငန်းများ<br>State Economic<br>Enterprises (SEE) /<br>State Own Enterprises<br>(SOE) | နိုင်ငံတော်အစိုးရ၏ ဥပဒေအရ နိုင်ငံတော်စီးပွားရေးလုပ်ငန်းများ လုပ်ရန်အလို့ငှာ ဦးစီးတည်ထောင်ထားသော စီးပွားရေးလုပ်ငန်းများ။ အချို့နိုင်ငံများတွင် လုပ်ငန်းတစ်ခုလုံးကို အစိုးရကပိုင်ဆိုင်သလို တစ်စိတ်တစ်ပိုင်းကိုသာ အစိုးရက ပိုင်ဆိုင်သည်များလည်း ရှိသည်။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်<br>ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ<br>အချက်အလက်များ<br>(citizen budget)၊ စာမျက်နှာ ၂၃ |
